## "ဒီမိုကရေစီပညာရေးဆန္ဒပြကျောင်းသားများအား အကြမ်းဖက်ရိုက်နက်ဖြိုခွင်းခြင်းကို အပြင်းအထန်ကန့်ကွက်ရှုတ်ချပါသည်"

သဘောထားထုတ်ပြန်ချက်အမှတ် (၄/၂၀၁၅)

၁၁ ရက်၊ မတ်လ၊ ၂၀၁၅ ခုနှစ်

ဒီမိုကရေစီပညာရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြတောင်းဆိုသည့် ဒေသအသီးသီးရှိကျောင်းသားလှုပ်ရှားမှုများကို အင်အားသုံး အကြမ်းဖက်ရိုက်နက်ဖမ်းဆီး ဖြိုခွင်းလိုက်သည့် မြန်မာအစိုးရ၏ အကြမ်းဖက်လုပ်ရပ်အား ပြတ်ပြတ်သားသား ကန့်ကွက် ရှုတ်ချလိုက်ပါသည်။

မြန်မာပြည်သူလူထုတရပ်လုံး၏ အနာဂတ်ပညာရေး ဒီမိုကရေစီစံချိန်စံနှုန်းပြည့်မှီပြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် သပိတ်မှောက်ကျောင်းသားများ၏ တင်ပြတောင်းဆိုချက်ကို နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းစွာညှိနှိုင်းဆောင်ရွက်မည့်အစား ယခုကဲ့သို့ အကြမ်းဖက်ဖြိုခွင်းခြင်းသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးပြုလုပ်ရန် အမှန်တကယ် ဆန္ဒမရှိကြောင်း ပိုမိုပေါ်လွင်စေပါသည်။

မြန်မာနိုင်ငံအတွင်း ကြုံတွေ့ရင်ဆိုင်နေရသည့် တရားမျှတမှုကင်းမဲ့ခြင်း၊ ဖိနှိပ်မှုများကြောင့် ဖြစ်ပေါ်လာသည့် တိုင်းရင်းသား၊ ကျောင်းသား၊ ရဟန်းသံဃာ တို့၏လှုပ်ရှားမှုများကို ယခုကဲ့သို့ ရက်စက်စွာအကြမ်းဖက်ဖြေရှင်းခြင်းသည် မြန်မာနိုင်ငံအား ကျဆုံးနိုင်ငံ Failed -State အဖြစ်သို့ကျရောက်ရန် နင်းချေနေခြင်းဖြစ်သည်။

ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီ၊ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ယက် (NNER)နှင့်ကျောင်းသားလူငယ်များ၏ ဒီမိုကရေစီပညာရေးလှုပ်ရှားမှုကို မိမိတို့ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး P.S.L.F/T.N.L.A မှ အပြည့်အဝထောက်ခံသဘောတူပါသည်။

တိုင်းရင်းသားမိဘပြည်သူများ၏ ဒီမိုကရေစီပညာရေးအတွက် အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသားမိဘပြည်သူများအားလုံးစုစည်းညီညွတ်စွာဖြင့် ရည်မှန်းချက်ပန်းတိုင်ရောက်ရှိသည်အထိ ဆက်လက်တိုက်ပွဲဝင်ကြပါရန် မိမိတို့ P.S.L.F/T.N.L.A မှ အလေးအနက်တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မီတီ**
**ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (P.S.L.F)**
**တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (T.N.L.A)**

**ဆက်သွယ်ရန်- သတင်းနှင့်ပြန်ကြားရေးဌာန PSLF/TNLA**
**(၉၅) ၀၉ ၄၉၃၁ ၄၉၅၁**
**(၈၆) ၁၈၃ ၁၃၄၆ ၈၇၃၀**